

အချစ်နှင့် တံငါကုန်းရွာ
အိမ်စည်

# အချစ်နှင့်တံငါကုန်းရွာ
## ရွှေအိမ်စည်
## ကျေးဇူးတင်လွှာ

အချစ်နဲ့ တံငါကုန်းရွာ စာအုပ်ကလေးကို ဝယ်ယူအားပေးလို့ စာဖတ်သူတွေကို အထူးပဲ ကျေးဇူး တင်ရှိပါတယ်ဆိုတဲ့ အကြောင်း ဦးစွာပဏာမ ပြောကြားပါရစေ။ နောက်ပြီး  စာအုပ်လေး ဖြစ်မြောက်အောင် ကူညီပေးတဲ့ ညီမလေး ခိုင်လေးနှင့် ပုံပြင်ချို စာအုပ်တိုက်ကိုလည်း ကျေးဇူးတင်ကြောင်း ပြောချင်ပါတယ်။ အခက်အခဲတွေနဲ့ ကာလမှာ စာအုပ်လေး ဖြစ်တည်လာပြီး အခက်အခဲတွေ ကြားကနေပဲ အားပေးတဲ့ စာဖတ်သူတွေကြောင့် ခွန်အားဖြစ်ရတယ်။ အမြတ်တနိုး ဝယ်ယူလို့ ဖတ်ရှုသူတွေကြောင့်လည်း ပီတိဖြစ်ရတာမို့ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ အားလုံးကို ချစ်ခြင်းဖြင့် လေးနက်စွာ နှလုံးသားမှာ မှတ်သားထားပါရစေရှင်။။ ကောင်းချီမှာဖြင့် သက်မင်းပုံ ရှိပြီးချစ်ခြင်း ဖြစ်ရသလို  ကျွန်မဆိုတဲ့ စာရေးသူမှာဖြင့် စာဖတ်သူတို့ရှိပြီး ရှေ့ဆက်ဖို့ ခွန်အားဖြစ်ရတာမို့ ကျေးဇူးတင်ရင်း ဆက်ကြိုးစားသွားပါ့မယ်ရှင့်။

အားလုံးကိုချစ်တဲ့ အိမ်စည်။

***

Intro1 _  ကျွန်တော့်ဘဝ ဆက်လက်ရှင်သန်ဖို့  အချစ်ကို လိုတယ်။ မင်းအိပ်မက်က ဘာလဲလို့ မေးရင် ဖြေစရာတစ်ခုပဲ ရှိတယ်။ အချစ်ကို လက်ထက်ပြီး ပိုက်ဆံရှာဖို့ပါ။

အချစ် ... ကျွန်တော်အချစ် ... သူ့နာမည်က သက်ပုံတဲ့။

Intro2 _ ကျုပ်နာမည်က ကောင်းစင်သန့်ချိုပါ။

ငယ်ရွယ်သူပီပီ ကျုပ်မှာ ချစ်သူရည်းစားလည်း ရှိပါသေးတယ်။ သူ့နာမည်က သက်မင်းပုံတဲ့။ ချစ်စရာကောင်းတဲ့ အမျိုးသားလေး တစ်ယောက်မို့ ကျုပ်အတွက်ကတော့ ထားစရာနေရာ မရှိလောက်အောင်ကို မေတ္တာသက်ဝင် ရပါတယ်။ သက်ပုံအပေါ်မှာ ကျုပ်ဘယ်လောက် တန်ဖိုးထားသလဲဆိုရင် ကျုပ်လက်ကိုင် ဆောင်ပုဒ်ကိုကြည့်ရင် သိနိုင်ပါလိမ့်မယ်။

(1)သက်ပုံကို ပျော်အောင်ထားရမယ်

(2)သက်ပုံအတွက် ပိုက်ဆံရှာရမယ်

(3)သက်ပုံ အကြိုက်တွေကို အမှားအယွင်း မရှိအောင် သေချာမှတ်ထားပြီး အကုန်ဖြည့်ဆည်း ပေးရမယ်။

Intro3 _ ကျွန်တော့်နာမည် သက်မင်းပုံပါဗျ။

အချစ်မှာ ရှုံးသွပ်ခဲ့ကြ သူတွေထဲမှာဆိုရင် ကျွန်တော်က ကောင်းချိုပြီးရင် ဒုတိယနေရာမှာ ရှိနေပါလိမ့်မယ်။

ဘဝမှာ ကံကောင်းခြင်းတစ်ခု ရှိခဲ့ဖူးတယ်။ အဲဒါ ကျွန်တော်ရဲ့ ရွေးချယ်မှုပါပဲ။ ကျွန်တော်ရွေးချယ်ခဲ့တဲ့ မေတ္တာတရားမှာ ဖြူစင်ခြင်းတွေပါမယ်၊ ရိုးသားခြင်းတွေပါမယ်၊ စွန့်လွှတ်အနစ်နာ ခံခြင်းတွေပါမယ်။ ကောင်းစင်သန့်ချိုဆိုတာ အဲဒါတွေ အကုန်လုံး ပိုင်ဆိုင်တဲ့ ပြီးပြည့်စုံမှု တစ်ခုပဲ။ ရှင်းရှင်းပြောရရင် ကောင်းချိုဟာ ကျွန်တော်တစ်ယောက်တည်းသာ ပိုင်ဆိုင်တဲ့ ကံကောင်းခြင်း အဆောင်ငယ်လေးပေါ့။

***

## အပိုင်း (၁)

"ငကောင်း ငကောင်း နေပါဦးကွာ။ သွားတာလဲ မြန်လိုက်တာ ခြေထောက်ကို စက်တပ်ထားတဲ့ အတိုင်းပဲ"

တကြော်ကြော်အော်ပြီး အူယားဖားယား ပြေးလာတဲ့ ကိုကျော်စွာကြောင့် နေရိပ်မှ ကောင်းချီ ရပ်စောင့်ရင်း ခါးကြားက ကွမ်းယာကို ထုတ်ဝါးလိုက်သည်။

"ကျုပ် မအားဘူး ကိုကျော်စွာ။ ပြောစရာရှိတာ မြန်မြန်ပြော"

အနားရောက်လာတဲ့ ကိုယ်ကျော်စွာက ဝတ်ထားတဲ့ ပုဆိုးနဲ့ လည်ပင်းက ချွေးတွေကို သုတ်ပြီး အမောဖြေနေ၏။

"မောလို့ပါကွာ အဝေးကတည်းက ငါအော်လိုက်လာတာ မင်းက ကြားမှမကြားတာ"

ဗျစ်ခနဲ နေအောင် ကွမ်းသွေးကို ထွေးကာ ...

"တကယ်မကြားလိုက်လို့ မရပ်တာပါဗျာ ကဲ ပြောစရာရှိတာပြောဗျာ ကျုပ်အလုပ်က နောက်ကျလို့ မရဘူး"

သူပြောတော့ ကိုကျော်စွာက စိတ်မရှည်ရလားဆိုပြီး မျက်ထောင့်နီနဲ့ ကြည့်၏။ စိတ်ဆိုးလို့ လုပ်ပြတာ မဟုတ်မှန်းသိတော့ သူအရေးလုပ်ပြီး ထပ်ပြောမနေတော့။

"ဒီမှာ ကိုသက်က စာပေးခိုင်းလိုက်လို့"

လက်ထဲထိုးထည့်လာတဲ့ ပန်းနုရောင် စာအိတ်လေးကြောင့် အပြုံးတစ်ခု

နှုတ်ခမ်းမှာ လာတွဲခို၏။

"ကျေးဇူးပဲ ကိုကျော်စွာ နောက်ရက်မှ လမ်းထိပ်က ဘာဘူးကြီးဆီမှာ ရှယ်တီးတစ်ခွက် လိုက်တိုက်မယ်"

"အေးပါ ဒါပဲငကောင်း ငါလည်းမအားဘူးကွ။ သွားပြီ"

ပြောပြီး ထွက်ခွာသွားတဲ့ ကိုကျော်စွာကို စိတ်မဝင်စားတော့ပဲ လက်ထဲ ပန်းနုရောင် စာအိတ်ကလေးကိုသာ တယုတယ ဖွင့်လိုက်၏။ ချစ်တဲ့ သက်ပုံဆီကမို့ အလုပ်နောက်ကျမှာလည်း မပူတော့။ တစ်ဦးတည်းသော ချစ်သူရဲ့ ခပ်လှလှ လက်ရေးလေးတွေ မြင်ယောင်ကာ စာအိတ်ထဲက စာရွက်လေးကို ဆွဲထုတ်၏။

အထဲက စာရွက်ခေါက်လေးသည်လည်း ပန်းရောင်လေးမို့ ပန်းရောင်ကြိုက်တဲ့ သူချစ်ရတဲ့ သက်ပုံအတွက် နောင်တစ်ချိန်မှာ ပန်းရောင်တွေကိုသာ ဝယ်ပေးဖို့ ဆုံးဖြတ်လိုက်၏။

သိပ်မများတဲ့ စာလုံးလေးတွေကို အထပ်ထပ်အခါခါ ဖတ်ကြည့်ရင်း ကောင်းချီ အလေးနက် စဉ်းစားမိသည်။ ငါးမိနစ်ခန့် အတွေးယာဉ်ကျောမှာ မြောပြီးနောက် သူအလုပ်လုပ်တဲ့ ဒေါ်ချစ် ကုန်စုံဆိုင်သို့ အသော့နှင်ရသည်။

ဆိုင်ရောက်တော့ လည်ပင်းမှာ ရွှေဆွဲကြိုး အတုတ်ကြီးဆွဲထားတဲ့ ဒေါ်ချစ်က ဆီးကြိုကာ ...

"ငကောင်းရယ် မအားရတဲ့အထဲ နောက်ကျလိုက်တာ သွားသွား ဟိုမှာ နယ်ဖက်က ပစ္စည်းမှာတဲ့ စာရင်းတွေ ရနေပြီ စစ်ပြီး ကားပေါ်တင်ပေးလိုက်"

သူခေါင်းညိတ်ပြကာ ဆိုင်ဘေးဂိုထောင် ဆီကိုပြေးသည်။

ဒေါ်ချစ် ဆိုင်က လက်ကားပေးတဲ့ ဆိုင်ဆိုတော့ အမှာစာရင်းနဲ့ တိုက်ကာ သူက ပစ္စည်းတင်ပေးရသည်။ တခြား အလုပ်သမားရှိပေမဲ့ များများမှာရင် စာရင်းမှားမှာကြောင့် သူသာ လုပ်ရသည်။ လခကလည်း ဒေါ်ချစ်ဆိုင်မှာ သူအများဆုံး။ ညညဆို ကုန်တင်ကုန်ချ လုပ်ရတဲ့ အလုပ်ကြောင့် ကိုက်ခဲ တက်ပေမဲ့ ဒီအလုပ်က ပိုက်ဆံပိုရတာကြောင့် သုံးနှစ်နီးပါး သူလုပ်လာခဲ့ သည်။

သက်ပုံကတော့ သူပင်ပန်းမှန်းသိတော့ နားစေချင်သည်။ ဒါပေမဲ့ သက်ပုံ ကို လက်ထက်ဖို့က သူများထပ်ပိုပြီး ငွေရှာနိုင်မှဖြစ်မည်။

"ကိုတာ အမှာစာရင်း ကျုပ်ကိုပေး"

စားရင်းကိုင်ဆီက သူတင်ပေးရမဲ့ ကားနံပါတ်နဲ့ အမှာစာရင်း တောင်း လိုက်သည်။ ထိုစာရွက်ရမှ ဂိုထောင်မှာရှိတဲ့ စာရေးမက ထပ်စစ်ကာ ပစ္စည်းထုတ်ပုံပေးသည်။ သူက ပုံပေးတဲ့ ပစ္စည်းတွေကို စာရွက်နဲ့ နောက် တစ်ခေါက်စစ်ကာ ကုန်ကားပေါ် တစ်ခုခြင်း တင်ပေးရတာဖြစ်သည်။

"ရော့ရော့ နောက်ကျနေပြီ။ စောစောက ဒေါ်အေမီက မင်းကိုရှာနေတာ ကွ။ မုန့်ဖိုးပေးမလို့ ထင်တယ်"

လက်ထဲရောက်လာတဲ့ ကုန်အမှာ စာရင်းကိုင့်ဖတ်ကာ ကိုတာ ကို ခေါင်းညိတ်ပြလိုက်သည်။

မုန့်ဖိုးက သူ့အတွက် မထူးဆန်း။ ဒီဆိုင်မှာ ရတဲ့လစာအပြင် ဘေးပေါက် လည်း ရသေးသည်။ မုန့်ဖိုးက သူအပိုသုံးရအောင်ထိ လောက်ငှရုံတင်မက ဘူး စုဘူးထဲထိရောက်သည်။

မရပါဘူး ဆိုရင်တောင် တစ်ရက်ကို ခြောက်ထောင်လောက်ထိ ရသည်။ ဟိုလူ နှစ်ထောင်၊ ဒီလူ တစ်ထောင်နဲ့ အများနဲ့စုတော့ တစ်နေ့ တစ်နေ့

သူတော်တော် တွက်ခြေကိုက်သည်။

ပိုက်ဆံရအောင်ရှာတဲ့ နေရာမှာ ကောင်းချီကို ဒီဆိုင်က အလုပ်သမားမှန်သမျှ လက်မြောက်ထားရအောင် သူက ငွေရှာပက်စက်သည်။

မုန့်ဖိုးဆိုတာပြောတော့သာ လွယ်တာ တကယ်ကျ မလွယ်ကူပေ။ နယ်က ကုန်ကားတွေ ဆိုင်ကိုလာရင် သုံးရက်တစ်ခါသာ လာရောက်တက်သည်မို့ ပစ္စည်းပြတ်တဲ့ ဈေးဆိုင်တွေက ကြားပေါက်မှာယူဖို့ ကောင်းချီဆီကို ဒေါ်ချစ်မှတစ်ဆင့် သက်သက်မှာတက်သည်။

ဒေါ်ချစ်ဆိုင်က ကုန်စုံဆိုင်မို့ သူ့ဆိုင်မှာ မရှိသည့်ပစ္စည်းတွေကို အပြင်မှာ လိုက်ဝယ်ပေးရတဲ့ အချိန်မျိုးတွင် ကောင်းချီအတွက် မုန့်ဖိုးရတက်သည်။ ကုန်ထမ်းရုံတင်မကဘူး အဝယ်တော် ပါလုပ်သေးသည်မို့ ပိုက်ဆံရှာဖို့က ကောင်းချီအတွက် မခဲရင်း။

လစာက အလုပ်ကြမ်း ဖြစ်သည့်အတွက် တစ်လ သုံးသိန်းရပေမဲ့ ရေရှည်ဆိုရင် ကျန်းမာရေးအတွက် အဆင်မပြေနိုင်။

တစ်နေ့လုံး ကားနှစ်စီးခန့် ကုန်အပြည့် တင်ပေးပြီးနောက်မှာ လူလည်း အတော်ပြိုင်းသွား၏။ ပန်းပေမဲ့ အကြောင်းရှိသေးသည်မို့ မနားရဲသေး။

မျက်နှာချင်းဆိုင် ငါးဒိုင်ပိုင်ရှင် ကိုကျော်ကြီးက လက်ဟန်ခြေဟန်ဖြင့် ထမင်းစားဦးမလား လှမ်းမေးသဖြင့် ခေါင်းယမ်းပြလိုက်သည်။ ဒေါ်ချစ်ကုန်စုံဆိုင်က ဈေးထိပ်မှာ ဖွင့်ထားသည်မို့ အနီးနား ဈေးဆိုင်ခန်းတွေက ကောင်းချီကို မသိသူမရှိ။ အပြောဆို မညက်ညောပေမဲ့ ရိုးသားသူမို့ အပေါင်းသင်း လုပ်ချင်သူက ခပ်များများ။

ဈေးထဲမှာပတ်ပြီး လုပ်စားလာတဲ့ ကောင်းချီအတွက် စီးပွားရေးကို ဘာလုပ်စားရင် ဘာမြတ်မလဲဆိုတာ ကောင်းကောင်းသိနေပြီ။

လျှော့ရဲရဲ ဖြစ်နေတဲ့ ပုဆိုးကို ခပ်တိုတို ပြန်ပြင်ဝတ်လိုက်ပြီး ခြေလှမ်းတို့က ဒေါ်ချစ်ဆီ။

"ဒေါ်ချစ် ကျွန်တော် ပြောစရာရှိလို့"

ကောင်တာမှာ ထိုင်ပြီးပိုက်ဆံရေနေတဲ့ ဒေါ်ချစ်က ဘေးခုံကို လက်ညှိုးထိုးပြကာ ထိုင်ခိုင်းသည်။

ကောင်းချီ ဝင်ထိုင်ကာ လာရင်းကိစ္စကို မြန်မြန်သာ ပြောလိုက်သည်။ ဒီကပြန်ရင် သူ့မှာလုပ်စရာတွေ ရှိနေသေး၏။

"ဒေါ်ချစ် ကျွန်တော် စုထားတဲ့ ပိုက်ဆံတွေ ထုတ်ချင်လို့"

"ဟဲ့ ဘာအရေးတကြီး ကိစ္စရှိလို့လဲ။ မင်းပြောတော့ လိုအပ်မှ ထုတ်မယ်ဆို။ ငါက မပေးချင်လို့ ပြောတာမဟုတ်ဘူး။ မင်း သုံးနှစ်လုံး စုထားတဲ့ ပိုက်ဆံတွေ အလဟဿ ဖြစ်မှာစိုးလို့ စေတနာနဲ့ ပြောတာ"

ကောင်းချီ ခေါင်းညိတ်ပြကာ ကွမ်းသွေးကို အရင်ထထွေးလိုက်သည်။ ပြီးမှ ခုံပေါ်ပြန်ထိုင်ကာ ...

"ခုလည်း အရေးတကြီး လိုအပ်လို့ ထုတ်တာပါ။ ဒေါ်ချစ်ကောင်းစေချင်လို့ ပြောတာ ကျွန်တော်နားလည်ပါတယ်။ ဖြစ်နိုင်ရင် အခုထုတ်ပေးပါ့လား ကျွန်တော် အလျှင်လိုနေလို့"

ဒေါ်ချစ်က သက်ပြင်းချသည်။ နှစ်တွေအကြာကြီး လုပ်ခဲ့တဲ့ အလုပ်သမားမို့ သံယောဇဉ်တွေက ရှိနေပြီလေ။ ဒီကောင်လေး ရိုးသားတည်ကြည်တာကို သိတော့ ထပ်ပြီး အပိုစကား မဆိုဖြစ်လိုက်တော့ဘူး။

"အေးအေး ဒါဆို ထုတ်ပေးလိုက်မယ်"

အံဆွဲထဲက သူနာမည်ရေးထားတဲ့ ဗလာစာအုပ်ကို စာအုပ်ပုံထဲကနေ ရှာထုတ်လိုက်သည်။ သူစဝင်တဲ့နေ့ကနေ ခုထိလတိုင်း မှတ်ထားတဲ့ နေ့စွဲတွေ

နဲ့ အတူ မတူညီတဲ့ လစာတွေကိုဘေးမှာ စီရေးထားသည်။

အလုပ်စဝင်တုန်းက ၂သိန်းလောက်ကို ငါးလနီးပါးလောက် ရခဲ့တာရယ် သက်ပုံအတွက် လက်ဆောင်ဝယ်ပေးဖို့ ထုတ်ထားတဲ့ လစာတချို့ ရယ်က လွဲရင် ကျန်တဲ့ လတွေက သုံးသိန်းအတိ တွေကြီးပဲ။ တစ်ကျပ်မှထုတ်မထား။

"အားလုံးပေါင်း ၇၈သိန်း ... ဟဲ့ ဒါတွေအကုန် ထုတ်မှာလား"

သုံးနှစ်စာလုပ်အားခက သူတွက်ချက်ထားတာနဲ့ ကွက်တိ။

"ဟုတ်တယ် အကုန်ထုတ်သွားမှာ ပြီးရင် ကျွန်တော် အလုပ်ထွက်တော့မယ် ဒေါ်ချစ်။ ဒီလ ၂၂ရက် လုပ်အားခပါ ထပ်တွက်ပေးပါ"

"ဘာတွေ အဆင်မပြေရှိလို့လဲ ငကောင်းရယ်။ အလုပ်ထွက်ရအောင်ထိ ..."

စိတ်မကောင်း ဖြစ်သွားတဲ့ ဒေါ်ချစ်ကို ကောင်းချို ဖြတ်ပြောလိုက်သည်။ တကယ်တော့ သူဒီမှာ မနေတော့တာကြောင့် အလုပ်ထွက်ရခြင်းမို့ ...

"ကိစ္စရှိလို့ပါ။ ဒေါ်ချစ်ဆိုင်က အဆင်ပြေပါတယ်။ ၂သိန်း၂သောင်း ထပ်ပေါင်းရင်း ၈၀ဆယ် ၂သောင်းပါ။ ခုယူသွားမှာနော်"

"အေးပါ နောက်ပြန်လာချင်ရင် ငါ့ဆိုင်က အချိန်မရွေးနော် ငကောင်း"

သူအလျင်လိုနေမှန်းသိတော့ ဒေါ်ချစ်က မြန်မြန်ပဲ လုပ်ပေးလိုက်သည်။ အပြန်လမ်းမှာ လက်ဆွဲအိတ် အနက်ရောင်ကြောင့် ခြေလှမ်းတွေကို သွက်လိုက်သည်။ ဘုန်းကြီးကျောင်းမှာ ကပ်နေရတဲ့ သူ့အဖို့ ဘာအပိုငွေကြေး တစ်ခုတောင် ထုတ်မသုံးဖြစ်။ ယုတ်စွဆုံး ဖုန်းတစ်လုံးတောင် သူ့မှာမရှိ။ သက်ပုံက ဝယ်ပေးဖို့ ပြောပေးမဲ့ သူမယူခဲ့။ နဂိုကတည်းက ပတ်ဝန်းကျင်မှာ သက်ပုံကို သူက ချူစားနေတဲ့အတိုင်း သပုတ်လေလွင့် ပြောချင်ရတဲ့

အထဲ။

သက်ပုံကို သူကသာပေးချင်သည်။ ဆင်ချင်သည်။ အဲဒါချစ်တဲ့ သက်ပုံအတွက် သူအတ္တပဲ။

သူနေနေကျ ဘုန်းကျောင်းဘေးက တဲသာသာ အဆောင်လေးက ဘုန်းဘုန်း စွန့်ကျဲထားတဲ့ သူ့အတွက် ဘုံဗိမ္မာန်လေးပင်။ ခုလောက်ထိ ပိုက်ဆံစုမိတာလဲ ဖြစ်သလို နေဖြစ်သလို ဝတ်စားပြီး ... အသုံးဖြုန်းနည်းတာကြောင့် ဖြစ်သည်။ ကောင်းချီ အကြောင်းလာမမေးနဲ့ အိပ်နေတုန်းယောင်ရင်တောင် သက်ပုံအကြောင်းကိုသာ ပြောမည်။ အစားအသောက်ဆိုရင်လည်း သက်ပုံကိုသာ ဘယ်လောက်စျေးကြီးကြီး ဝယ်ကျွေးချင် ကျွေးလိမ့်မည်။ သူကိုယ်သူတော့ နည်းနည်းတောင် မသထုာတက်သူဖြစ်သည်။

ညစာဆိုရင် ဘုန်းကြီးကျောင်းက ဟင်းပေါင်းနဲ့ စားတက်ပြီး နေ့ခင်းဆို စျေးထဲက ပုံစား ၈ဂဂဆိုတဲ့ဆိုင်မှာ ဟင်းတစ်တုံး၊ ချဉ်ပေါင်းဟင်း၊ ငန်ပြာရည်ဖျော်နဲ့ ဗိုက်ဝအောင် စားလိုက်ရုံသာ။

ချစ်တဲ့သက်ပုံမြင်ရင်တော့ စိတ်ဆိုးမှာသိပေမဲ့ သူကတော့ ရှာသမျှပိုက်ဆံ သက်ပုံအတွက်လို့ ပဲသတ်မှတ်ထားသူ ဖြစ်သည်။

တဲထဲရောက်တော့ များများစားစား မရှိတဲ့ သူ့အသုံးဆောင်တချို့က ထုတ်ပိုး သိမ်းဆည်းထားလျက်။ ဒါတွေကလည်း ချစ်သူသက်တမ်း သုံးနှစ်ပြည့်ကတည်းက လိုရမယ်ရ သူကြိုသိမ်းထားတာ ဆယ်ရက်နီးပါး ရှိပြီဖြစ်သည်။

လိုအပ်တာတွေနဲ့ ပိုက်ဆံအိတ်ကို နှစ်သိန်းဘေးထုတ်ကာ ကျန်ပိုက်ဆံကို ခရီးဆောင်အိတ်ထဲ ထိုးထည့်ကာ သိမ်းလိုက်သည်။ တစ်ချက်ဝေ့ကြည့်တော့ ခပ်လှမ်းလှမ်းမှာ ထောင်ထားတဲ့ စုဘူးအခွံလေးကလွဲရင် ဘာမှမရှိတော့။ အဲဒါကလည်း မနေ့ညက ဘူးပြည့်နေပြီမို့ ဖောက်လိုက်ပြီးသားမို့

အရေးမကြီး။

နောက်ဆုံးအကြိမ် သူအိမ်လေးကို ကြည့်ကာ ဘုန်းကြီးကျောင်းပေါ်တက်ကာ သက်သက်ထုတ်ထားတဲ့ နှစ်သိန်းကို ဘုန်းဘုန်းကို ကပ်လှူလိုက်ပြီး ပြန်တော့မဲ့အကြောင်း ခွင့်ပန်လိုက်သည်။ ဆရာတော်ရဲ့ ဆုံးမစကားတွေကို အတော်ကြာနားထောင်ပြီး သူ့ဦးတည်းရာက သက်ပုံတို့ အိမ်ဖြစ်သည်။

ညသည် လမိုက်ညမို့ ကောင်းကင်တစ်ခုလုံး မည်းမှောင်နေလျက်။ ရာသီဥတုကတော့ သူ့ဘက်မှာ ပါလို့နေသည်။ အကြောင်းမှာ ဒီနေ့ညသည် ကောင်းချီရဲ့ ယောက်ျားခိုးမည့်ညမို့ ဖြစ်သည်။

***

## အပိုင်း (၂)

နေ့ခင်းက ကိုကျော်စွာကို ပေးလိုက်တဲ့စာလေးက ကောင်းချီဆီကို ရောက်ရော ရောက်ရဲ့လားဆိုတာ သက်ပုံမသိပေမဲ့ ပြင်ဆင်စရာတော့ ကြို ပြင်ဆင်ထားမိသည်။ ဖုန်းလေးတစ်လုံးလောက် ဝယ်ပါဆိုတာကို ကပ်တီး ကပ်တက် လုပ်ကာ ကောင်းချီက လုံးဝမဝယ်ခဲ့။ ထို့ကြောင့် အဆက်အသွယ်လုပ်ဖို့ ဆိုရင် ဟိုရှေးခေတ်က လုံမပျိုတွေလို သူ့မှာ စာတ တန်ပေတတန် လုပ်နေရသည်။

အချိန်က ညဂနာရီလောက် သာရှိနေသေးသည်မို့ သက်ပြင်းချကာ အလုပ်သမား ကောင်မလေးတွေနဲ့ အတူ ညနေစာအတွက် ကူညီပြင်ဆင် ပေးမိသည်။

သူ့ဝါသနာကလည်း ခက်သား။ မိန်းမစိတ်ဝင်နေတာ မဟုတ်ပေမဲ့ ထမင်းဟင်းချက်တာ၊ မုန့် လုပ်တာတွေနဲ့ စက်ချုပ်တာမျိုးတွေကိုသာ စိတ်ဝင်စားသည်။ ဖေဖေက ထိုအလုပ်တွေ သက်ပုံလုပ်သည်ကို လုံးဝမ ကြိုက်ပေ။ ထို့ကြောင့် မကြာခဏ အဆူအပြော ခံရတတ်သည်။

မင်း ကျားကျားယားယား ယောကျ်ားတွေလုပ်တဲ့ အလုပ်လုပ်ပါလား ဆို တာများ ဖေဖေ့နှုတ်က ထွက်လာတတ်ပေမဲ့ ကြာတော့ သက်ပုံ မနာနိုင် တော့။

သွေးသံရဲရဲ အလုပ်တွေ မနှစ်သက်တဲ့ သက်ပုံကို အတင်းအကျပ် ဆေး ကျောင်းတက်စေ သည်မှာလည်း ဖေဖေကိုယ်တိုင်သာ။ နောက်ဆုံးနှစ်ထိ မနည်းသည်းခံ တက်ခဲ့ရတာ ကောင်းချီလေးရဲ့ မျက်နှာတည်လေးနဲ့ ပြောခဲ့

တဲ့ အားပေးစကားတွေကြောင့်ပင်။

ထိုကောင်းစင်သန့်ချိဆိုတဲ့ ကောင်လေးက သက်ပုံထပ် သုံးနှစ်နဲ့ သုံးလငယ်တဲ့ ရည်းစားကလေးဖြစ်သည်။

အရွယ်ရောက်ကတည်းက လိင်တူ အမျိုးသားများကိုသာ ကြိုက်နှစ်သက်ခဲ့ပေမဲ့ တင်းကျပ်တဲ့ ဖေဖေကြောင့် ကိုယ့်ဖြစ်တည်မှုကို ချုပ်တည်းခဲ့ရသည်။

ကောင်းချိက သက်ပုံတို့ ရပ်ကွက်ကမဟုတ်ဘဲ ဟိုဘက်ရပ်ကွက်က ဘုန်းကြီးကျောင်းမှာနေတဲ့ ကုန်ထမ်းတဲ့ အလုပ်သမားလေး ဖြစ်သည်။ သက်ပုံနဲ့ ကောင်းချိဆိုရင် ဖေဖေပြောနေကျ အဆင့်အတန်းက မိုးနဲ့မြေလောက် ကွာတယ်ဆိုတဲ့ စကားအတိုင်းပင်။

ဖေဖေက သစ်သီးပွဲရုံ များကိုပိုင်တဲ့ သူဌေးတစ်ဦးဖြစ်ကာ မေမေကတော့ အထက်တန်းပြ ကျောင်းဆရာမ ဖြစ်၏။ သက်ပုံမှာ နောက်ထပ် မောင်နှမသုံးယောက် ရှိသေးပေမဲ့ သက်ပုံက တတိယ သားလတ်သာဖြစ်သည်။ ကိုကိုကြီးက ဖေဖေပွဲရုံမှာ လိုက်ဦးစီးနေသလို၊ ကိုကိုလေးက နာမည်ကြီး မော်ဒယ် တစ်ယောက်မို့ အိမ်မှာ ဆရာဝန်မ ဖြစ်သေးတဲ့ သက်ပုံက သိပ်လူရာ မဝင်ချေ။ အငယ်ဆုံး ညီမလေးကတော့ နိုင်ငံခြားမှာ ပညာတော်သင်သွားနေတာမို့ တစ်အိမ်လုံးက ပညာတက် မိသားစုဆိုရင် မမှား။

"အဲ့အလုပ်တွေ လုပ်နေပြန်ပြီလား သက်မင်းပုံ။ အရီ မင်းကို ငါမပြောဘူးလား မင်းသား လုပ်ပုံတွေကိုကြည့်စမ်း။ တစ်ခုမှ အချိုးမပြေဘူး။ လူပုံကကန့်ကရ ဘာမှသုံးစားမရဘူး ... အားနေ မီးဖိုချောင်ဝင်နေရအောင် မင်းက မိန်းမမို့လား"

ဖေဖေ စကားတွေက သက်ပုံရင်ထဲကို မြားတစ်စင်း စိုက်ဝင်သွားသလိုပင် နာကျင်စေပါသည်။ မေမေကတော့ သူ့ကိုကြည့်ကာ သနားနေတဲ့ပုံ ရ

ပေမဲ့ ဖေဖေ့ကို ကြောက်ရသူပီပီ ဘာမှဝင်မပြော။

"နေ့ခင်းကလည်း ဟိုဘက်ရပ်ကွက်က ကျော်စွာဆိုတဲ့ကောင်နဲ့ စာပေး၊ စာယူလုပ်နေတာကို ပြောတဲ့သူက လာပြောပြတယ်။ မင်းတော်တော် စောက်ရှက်မရှိတော့လား သက်မင်းပုံ ဟမ် ... မင်းနဲ့ ဟိုကုန်ထမ်းတဲ့ ကောင်လေးနဲ့ ဘာဇာတ်လမ်းတွေ ရှုပ်နေတာလဲ။ အေး လိုက်ချင် တစ်ခါတည်း လိုက်သွား ငါ့ကို ပတ်ဝန်းကျင်မှာ သိက္ခာမချနဲ့ ... ရှင်းအောင် ပြောလိုက်မယ် ငါ့ကို ခြေစုံကန်သွားရင် ငါဘက်က အမွေပြတ်နော်"

သွားမှာပါ မပူပါနဲ့ ဆိုတဲ့စကားကို ရင်ထဲကသာ ပြောလိုက်တော့သည်။ နာကျင်လွန်းအားကြီးလို ထုံတောင်နေပြီ။

ကောင်းချီကို သူယုံကြည်ပြီးသားမို့ အမွေပြတ် စွန့်လွှတ်လည်း သူမ ကြောက်ပါ။

"အစ်ကိုကလည်း တော်ပါတော့။ အလုပ်သမားတွေရှေ့ မှာ အတော် လောက်ပဲပြောပါ။ သွားသွား သားအခန်းထဲသွားတော့"

မေမေ့ အသံကြောင့် သူထမင်းစားခန်းကနေ ကျောခိုင်းထွက်ခဲ့သည်။

ဖြစ်တည်မှု မှားတဲ့သူကို လက်မခံနိုင်မှတော့ ဒီအိမ်မှာဆက်နေဖို့ သူ အဆင်မပြေတော့။ မနေလည်း မနေချင်တော့ပါ။

"မင်းကြပ်ကြပ်အလိုလိုက် အရီ။ မင်းသား ပတ်ဝန်းကျင်မှာ ဟိုကောင် လေးနဲ့ ကြိုက်နေတယ်ဆိုတာ ငါမကြားချင်မှအဆုံး။ အေး ငါမွေးထာတဲ့ အထဲမှာ အခြောက်ဆိုတာ မပါဘူး။ သားကြီးနဲ့ သားငယ် လိမ္မာသလောက် မင်းသားကတော့ ငါ့ကိုအရှက်ခွဲဖို့ မွေးလာသလားပဲ"

နောက်ပါးကနေ ကပ်ညိလာတဲ့ ဖေဖေ့အသံကြောင့် သက်ပုံပြုံးလိုက် သည်။ သူမွေးလာတာကိုက မှားယွင်းခဲ့သလားပဲ။ ဘယ်သူကကိုယ်နဲ့ မျိုးတူ

ယောက်ျားတစ်ယောက်ကို စွဲစွဲလမ်းလမ်း ချစ်မိချင်မှာလဲ။

ကောင်းချီသာ အဆင်ပြေရင် သက်ပုံကျေနပ်သည်မို့ အမွေဖြတ်လည်း ဖြတ်ပါစေတော့။

အခန်းထဲရောက်တော့ အဝတ်ထည့်ထားတဲ့ အိတ်ကိုပြန်သွန်ချသည်။ အရောင်သွေးစုံတဲ့ ပစ္စည်းတွေထဲမှ ကောင်းချီဝယ်ပေး ထားတာတွေကိုသာ ရွေးပြီး ကျောပိုးအိတ်ထဲ ပြောင်းထည့်လိုက်သည်။

ငတုံးလေး ကောင်းချီက သူသာ ဘောလုံးအင်္ကျီအဟောင်းနဲ့ နေမည် သက်ပုံကိုတော့ သုံးလေးသောင်းထပ် မနည်းတဲ့ တန်ဖိုးကြီး အဝတ်စားမျိုး စုံကို မကြာခဏ ဝယ်ပေးတတ်၏။ ဆေးကျောင်းတက်ချိန် ကတည်းက ကောင်းချီဆင်တဲ့ အဝတ်စားတွေကိုသာ သက်ပုံကလည်း မက်မောစွာ ဝတ် ဖြစ်သည်။

ကောင်းချီဝယ်ပေးသမျှ အတိုအထွာ တစ်ခုတောင် မချန်ဘဲ ကျောပိုးအိတ် ထဲကို ထည့်လိုက်သည်။ သူ့အဖိုးတန်လေးတွေမို့ ဒီအိမ်မှာ မထားခဲ့နိုင်ပေ။ မှတ်ပုံတင်နဲ့ တခြားလိုအပ်တာတွေအပြင် သူ့ကိုယ်ပိုင် လုပ်အားခနဲ့ ရှာ ထားတဲ့ ပိုက်ဆံ ကိုးသိန်းကလွဲရင် သုံးရအောင်ပေးထားတဲ့ ကတ်နဲ့ လက်ဝတ်လက်စားတွေကို မထိဘဲ ထားလိုက်သည်။

အကုန်ပြင်ဆင်ပြီးတော့ ညစာနာရီခွဲနေပြီမို့ ပေါ့ပေါ့ပါးပါး လက်ရှည်အပါး တစ်ထည်နဲ့ ဂျင်းဘောင်းဘီရှည် တစ်ထည်ကို အပြင်ထုတ်ကာ ရေချိုးလိုက် သည်။

မွန်းကျပ်နေတဲ့ စိတ်တို့ ကောင်းချီဆိုတဲ့ ကောင်လေးကို တွေးမိရုံနဲ့ ထွက်ပေါက်ရသွားသည်။

အဝတ်အစားတွေကို သေချာဝတ်ကာ ကျောပိုးအိတ်ကို ကောက်လွယ်

လိုက်သည်။ ဒီချိန်ဆို ကိုကိုကြီး ပြန်ရောက်နေပေမဲ့ သူ့အခန်းမှာ ရေချိုး အနားယူ နေလောက်ပြီ။ မေမေက ဘုရားရှစ်ခိုးခန်းမှာ သေချာပေါက် ရှိနေ လိမ့်မယ်။ ဖေဖေက သူ့အခန်းမှာ ညရှစ်နာရီ သတင်းကို စိတ်ဝင်တစား ကြည့်နေမှာမို့ သက်ပုံအပြင်ထွက်ဖို့ မခဲရင်း။

လွယ်ထားတဲ့ အိတ်ကို ပြတင်းပေါက်ကနေ ပစ်ချလိုက်တော့ အသံခပ် အုပ်အုပ် ထွက်လာသည်။ ပတ်ဝန်းကျင်ကိုကြည့်တော့ ငြိမ်သက်နေသည်မို့ ပြတင်းပေါက်တွေကို ပြန်ပိတ်လိုက်သည်။ အခန်းထဲကနေ ထွက်တော့ တစ်အိမ်လုံး ခန့်မှန်းထားတဲ့အတိုင်း တိတ်ဆိတ်နေသည်မို့ ခြေလှမ်းမှန်မှန် ဖြင့်သာ အိမ်ထဲက ထွက်ခဲ့လိုက်သည်။ အပြင်ရောက်တော့ စောစောက ချ လိုက်တဲ့ အိတ်ကို ပြန်ကောက်ယူကာ လွယ်လိုက်ပြီး ခြံစည်းရိုးကို ကျော် ထွက်၏။

"သက်ပုံ"

အမှောင်ထဲက လှမ်းခေါ်သံ တိုးတိုးကြောင့် ခိုးကြောင်ခိုးဝှက် လုပ်သူ သက်ပုံတစ်ယောက် လန့်သွား၏။

"ကောင်းချီလား"

မမြင်နိုင်တဲ့ မှောင်ရိပ်ကိုကြည့်ကာ အသံပြုလိုက်တော့ ရှည်မျောမျော သဏ္ဍာန်တစ်ခုက တိုးထွက်လာသည်။

ကိုးနာရီ ချိန်းထားတာမို့ ကောင်းချီ မလာလောက်သေးဘူး ထင်ထားတာ ကို ဒီကလေး ဘယ်အချိန် ကတည်းကများ ရောက်နေသလဲ။

"စောသားပဲ ထွက်လာတာ။ ပေး သက်ပုံအိတ် ကျုပ်လွယ်ခဲ့မယ်"

သူမှာလည်း လွယ်ထားတဲ့ အိတ်ပါနေတာကို လှမ်းတောင်းနေတာမို့ သက်ပုံ ငြင်းလိုက်သည်။

"ရတယ် ငါဘာသာလွယ်မယ်။ ဘယ်ချိန်ကတည်းက ရောက်နေတာလဲ"

"ဧနာရီမထိုးခင် ကတည်းကပဲ။ လာ ... သွားရအောင်"

ပြောရင်း အိတ်ကိုလက်ထဲက ဆွဲယူသွားတာမို့ ပြန်မတောင်းတော့ပဲ ကောင်းချီဘေးကနေသာ အသာလိုက်ခဲ့တော့သည်။

"ဘယ်သွားကြမှာလဲ ကောင်းချီလေး"

စောင်းငဲ့ကြည့်လာတဲ့ မျက်နှာလေးက ကောင်းချီလေးလို့ ခေါ်တာကို သဘောကျနေဟန်။ ရည်းစားသက်တမ်း သုံးနှစ်တာမှာ အနုအယွ မောင်မောင် ကိုကို ခေါ်ရလောက်အောင်ထိ သူတို့ မရင်းနှီးခဲ့ကြတာ ကောင်းချီရဲ့ အေးတိအေးစက်ကြောင့်လား သက်ပုံရဲ့ အပိုအလို မပြောတက်တဲ့ စိတ်ကြောင့်လားဆိုတာ မသဲကွဲ။

"ကုန်စိမ်းကားနဲ့ ရွာသွားမှာ သက်ပုံ စီးနိုင်ပါ့မလား"

ပြုံးကာ ခေါင်းညိတ်ပြမိသည်။ ကောင်းချီနဲ့ဆို ဘာပဲစီးရစီးရ ok သည်။ နှစ်ယောက်သမား ခပ်သုတ်သုတ် နှင်ပြီး မကြာခင်မှာ စျေးထိပ်မှာ ရပ်ထားတဲ့ မုန်လာထုပ် အပြည့်တင်ထားတဲ့ ကားကိုတွေ့ရတော့ ကောင်းချီက စီးနိုင်တာ သေချာလားလို့ ထပ်မေးသည်။

သူဘာမှ ဆက်ပြောတော့ပဲ ကောင်းချီလက်ကိုဆွဲကာ ကားနားကို ခေါ်ခဲ့လိုက်သည်။

"ကိုဖြိုး ထွက်လို့ရပြီနော် ကျွန်တော်ရောက်ပြီ"

ခပ်ဝဝ ကားသမားတစ်ယောက်က လက်ဖက်ရည်ဆိုင်ထဲကနေ ကောင်းချီကိုမြင်တော့ လက်ပြကာ ထွက်လာသည်။

"မြန်သားပဲ ငါက ဒီထပ်စောင့်ရဦးမယ် ထင်ထားတာ ... ရောက်ရင်လည်း တက်တော့။ ထွက်ရုံပဲ ငါတို့က အဆင်သင့်ပဲ"

ကောင်းချီ ကောင်းညိတ်ပြကာ ကျောပိုးအိတ်နှစ်လုံးနဲ့ သူ့အရင် တက်သွားသည်။

တက်လာဖို့ အပေါ်ကနေ အချက်ပြတာကြောင့် သက်ပုံ ခက်ရာခက်စစ် တက်လိုက်သည်။ အတော်ကြီး မို့မောက်အောင်တင်ထားတာမို့ ကောင်းချီလိုတော့ ခဏလေးနဲ့ ရောက်အောင်မတက်နိုင်။

"လက်ပေး သက်ပုံ"

ကမ်းလာတဲ့ လက်ကို ဆွဲလိုက်သည်နှင့် အားသုံးဆွဲတင်ခြင်း ခံရသည်။ ကောင်းချီက သန်မာလိုက်တာ။

သူကတော့ ဖေဖေပြောသလို ခပ်ပျော့ပျော့ သမားမို့ အပေါ်ရောက်တော့ အတော်ကြီး မောနေ၏။

"သက်ပုံ ဒီပေါ်လာထိုင် အောက်က မုန်လာထုပ်တွေနဲ့ ထိုင်ရတာ အဆင်မပြေဘူး"

လက်ယက်ခေါ်တဲ့ နေရာက ရှေ့က ကားခေါင်းခန်းနဲ့ လေကွယ်နေပြီး အောက်မှာ မိုးကာကို ခပ်ထူထူ ခေါက်ကာ ဖင်ထိုင်ရုံသာ ခင်းထားသည်။

သွားထိုင်တော့ စောစောကလောက် ဖင်မနာတော့။

"ကားထွက်ရင် လေတိုးလိမ့်မယ် လက်ရှည် ထူတာလေးတော့ မဝတ်ခဲ့ဘူး။ ရော့ ဝတ်ထား ခဏနေ အေးလာတော့မှာ"

ပေါင်ပေါ်တင်ပေးလာတဲ့ အဝါရောင်အနွေးထည်လေးက တံဆိပ်တောင် မဖြုတ်ရသေး။ ဒါ ခုမှ ဝယ်ထားတာဆိုတာ မပြောလဲသိနိုင်သည်။ သေချာဝတ်ပြီးတဲ့အထိ ကောင်းချီက ကြည့်နေတာမို့ ပြုံးပြကာ ထူပွနေတဲ့ ဆံပင်ကြမ်းတွေကို လှမ်းပြီးဆွဲဖွလိုက်သည်။

"သက်ပုံ ကျွန်တော်နဲ့ ဒါခိုးရာ လိုက်နေတာနော်"

မယုံကြည်နိုင်သေးသလို ထပ်မေးနေသည်မို့ ...

"အင်းလေ ငါ လာခိုးဖို့ သေချာပြောထားတာကို"

"အိမ်ပြန်လို့ မရတော့ဘူးဆိုတာ သိလား။ သက်ပုံအဖေက နဂိုကမှ ကျုပ်ကို ကြည့်မရပါဘူးဆို ကျုပ်ကြောင့် သက်ပုံအိမ်က ပြန်ခေါ်မယ် မထင်ဘူး"

လေးနက်စွာ သက်ပုံအတွက် ပူပန်ပေးနေတဲ့ ကောင်းချီကို လက်တွေဆုပ်ကိုင်ပြီး နှစ်သိမ့်လိုက်သည်။

"မင်းနဲ့ တစ်သက်လုံး တူတူနေချင်လို့ လိုက်လာတာပါဆို။ ပြန်မခေါ်လဲ ဘာဖြစ်လဲ မင်းငါ့ကို စိတ်ချမ်းသာအောင် ထားမယ်မို့လား"

ထိုအခါ ကောင်းချီက မျက်နှာတည်လေးနဲ့ ခေါင်းညိတ်ပြကာ ...

"စိတ်ချပါ ကျုပ်က ခင်ဗျားကို ပိုမြတ်နိုးရတဲ့သူပဲ။ ကျုပ်နဲ့နေလို့ ခင်ဗျား စိတ်ဆင်းရဲစေတယ်ဆိုရင် ကျုပ်ကို ကြိုက်တာလုပ်ပစ်လိုက်"

ကတိပေးနေတဲ့ ပုံလေးက ချစ်စရာကောင်းပေမဲ့ ကျုပ်ဆိုတာကြီးကတော့ သက်ပုံကြားရတာ အဆင်မပြေ။

"ငကောင်းရေ ကားထွက်ပြီနော်"

"ဟုတ် ကိုဖြိုး"

အောက်က အော်လိုက်သံကြားပြီး ခဏအတွင်းမှာ ကားကစထွက်သည်။ သက်ပုံ ကားပေါ်ကနေ မီးရောင်လင်းနေတဲ့ အိမ်တွေကို လှမ်းကြည့်ပြီး နောက်ဆုံးအကြိမ် သူ့မြို့လေးကို နှုတ်ဆက်လိုက်သည်။

ကောင်းချီနဲ့ သက်ပုံ ခိုးရာလိုက်ပြေးတဲ့ ခရီးကတော့ ရင်ခုန်စရာ မုန်လာထုပ်ကားနဲ့ ပင်။

***

## အပိုင်း (၃)

အနက်ရောင် ညမှာ ပေတရာလမ်းပေါ်က ကုန်ကားတစ်စီးကတော့ သူလိုရာ အရပ်ကို အိပွဲအိပွဲနဲ့ ခရီးနှင်နေသည်။ ကားပေါ်မှာ လေတဝူးဝူး တိုက်နေတာကြောင့် အဝါရောင် အနွေးထည်ဝတ် ကောင်လေးသည်

ခြေတွေလက်တွေကို ဒူးကြားညှပ်ကာ အသဲအသန် ကွေးနေ၏။

"ချမ်းနေလားသက်ပုံ။ လာ ဒီဘက်တိုး ကျုပ်ဖက်ထားမယ်"

ဟန်မဆောင် နိုင်လောက်အောင် အေးနေသည်မို့ ကောင်းချီအနားကို တိုးကပ်လိုက်သည်။

"ချမ်းတယ်။ ကောင်းချီရော မချမ်းဘူးလား"

ခေါင်းဆောင်းပါတဲ့ အနွေးထည်လေးမို့ သက်ပုံကို သေချာဆောင်းပေးလိုက်ပြီးမှ ...

"နေသားကျနေလို့ အရမ်းကြီး မချမ်းပါဘူး။ လမ်းခဏနားရင် ကိုဖြိုးဆီက စောင်ငှားပေးမယ်"

လက်မောင်းကနေ ဆွဲပြီး သက်ပုံကို ဒူးကြားပို့ကာ ကောင်းချီက သူ ရင်ဘတ်ကို မှီစေသည်။ နောက်ကနေ သိုင်းဖက်ထွေးပွေ့ လိုက်တာမို့ ချက်ချင်း နွေးထွေးသွားသည်။

"ရွာက ဘယ်ရွာလဲ မင်းတို့ ရွာလား"

ကောင်းချီကမြို့မှာ ကျပန်းလာလုပ်စားတဲ့ ရွာသားတစ်ယောက်မို့ သက်ပုံ ခေါင်းမော့မေးလိုက်သည်။

တစ်ချက်တစ်ချက် ဘေးကဖြတ်သွားတဲ့ ကားမီးရောင်တွေကြောင့် ကောင်းချီမျက်နှာကို ရှင်းရှင်းလင်းလင်း မြင်နေရသည်။ ပုဆိုးတိုတို အားကစားအင်္ကျီနဲ့သာ နေလေ့ရှိတဲ့ ကောင်းချီက အသားညိုပြီး အုပ်ထူတဲ့ နီကျင်ကျင် ဆံသားတွေရှိသည်။ သာမန်ရုပ်ရည်ရှိတဲ့ ကောင်းချီမှာ အမြဲ တင်းတင်း စေ့နေတဲ့ နှုတ်ခမ်းတွေရှိပြီး ပါးရိုးထင်ထင်းနဲ့ ပြတ်သားတဲ့ ယောကျ်ားတစ်ယောက် ပုံစံအပြည့်ရှိသည်။

မိဘမဲ့ တစ်ယောက်ဖြစ်ကာ ဘုန်းကြီးကျောင်းမှာ ကပ်နေနေရတဲ့ ကောင်းချီနဲ့ တွေ့ဆုံခဲ့ပုံမှာ ဇာတ်လမ်းတွေထဲကလို ရင်ခုန်စရာ အနေအထားနဲ့တော့ မဟုတ်ခဲ့။

"အင်း အမွေရထားတဲ့ အိမ်လေးတစ်လုံးရှိတယ် အဲ့မှာ"

နွေးခနဲ ဖြစ်သွားတဲ့ နဖူးကြောင့် အေးလို့ အနည်းငယ် ဖျော့နေတဲ့ သက်ပုံ အသားရေသည် ပန်းရောင်ပြောင်းသွား၏။

"ချစ်တဲ့သက်ပုံလေးကို မြတ်နိုးလိုက်တာ။ ကျုပ်ကို ပြန်ချစ်ပေးလို့ ခင်ဗျား ကို ကျေးဇူးတင်ပါတယ်"

အနောက်ကနေ ပခုံးပေါ်ခေါင်းမှီလိုက်တဲ့ ကောင်းချီလေးကြောင့် စောစောက မပြောလိုက်ရတဲ့ စကားကို သတိရသွားသည်။

"ကျုပ်လို့ မပြောပါနဲ့။ ကျွန်တော် ဒါမှမဟုတ် ကိုယ်လို့ပြော"

"ကျုပ်လို့ပြောတာ သက်ပုံ နားဝင်ဆိုးရင် ပြင်ပေးပါ့မယ်။ ကျွန်တော်လို့ ပြောမယ်လေ ရတယ်မို့ လား"

"အင်း ဒါနဲ့ ငါတို့ ဟိုမှာ ဘာဆက်လုပ်ကြမလဲ။ ကောင်းချီ စီစဉ်ထားတာ ရော ရှိလား"

"မရှိဘူး။ သက်ပုံသိတဲ့အတိုင်း ကျွန်တော်ရွာမပြန်တာ လေးနှစ်ရှိနေပြီ။

ဒါပေမဲ့ ဟိုရောက်ရင်တော့ တစ်ခုခုလုပ်ဖို့ ကျွန်တော်စီစဉ်ပါ့မယ်"

နားထင်စပ်က နွေးခနဲ ထပ်ဖြစ်သွားတာမို့ သက်ပုံပြုံးလိုက်မိသည်။ ကောင်းချီလေးက သူ့ကို ထူးထူးဆန်းဆန်း အသားယူလို့။ သုံးနှစ်တာ ကာလမှာ ချိန်းတွေ့တာ ခြောက်ကြိမ်သာရှိပြီး တွေ့တဲ့အချိန်မှာ မလှမ်းမကမ်းမှာသာ ထိုင်ပြီး သက်ပုံကို စူးစူးရဲရဲ ကြည့်နေတက်တဲ့ ကောင်းစင်သန့်ချီက နမ်းဖို့ မပြောနဲ့ အသားခြင်းတောင် ထိတာမဟုတ်။

မချစ်လို့ မထိချင်တာလားလို့ သိမ်ငယ်စိတ် ဝင်မိပေမဲ့ အဲ့လိုလည်း မဟုတ်ပြန်။ ကောင်းချီက ခန့်မှန်းရ သိပ်ခက်သည်။

"ငါနဲ့ ကောင်းချီ ပထမဆုံးစတွေ့တဲ့ နေ့ကိုမှတ်မိလား"

"အင်း အဲ့နေ့က သက်ပုံကားပျက်လို့ လမ်းထိပ်ကနေ မိုးရွာကြီးတဲ့ ပြန်လာခဲ့တဲ့နေ့လေး။ အဖြူရောင် ကျောပိုးအိတ်လေး လွယ်ထားတယ် ပြီးတော့ ဂျူတီကုတ် အဖြူရောင်လေးကိုလည်း လက်ထဲ ပိုက်ထားသေးတယ်။ မိုးတွေလည်း စိုလို့။ ကျွန်တော်ကလည်း အလုပ်ကပြန်လာတဲ့အချိန် ဆိုတော့ တိုက်တိုက်ဆိုင်ဆိုင် သက်ပုံက သက်ပုံနောက်ကို နှောင့်ယှက်ဖို့ လိုက်လာတယ်ထင်ပြီး ကျွန်တော့်ကို ရန်တွေ့တာလေ"

ကောင်းချီရဲ့ စကားပြောရင် ထွက်လာတဲ့ လေနွေးနွေးက လည်ပင်းမှာ တစ်ချက်တစ်ချက် ရိုက်ခတ်နေ၏။

သက်ပုံပြုံးကာ ...

"အင်း ကောင်းချီက ငါ့အော်တာကို ပြန်ရှင်းမပြဘဲ ခပ်တည်တည်ကြီး ကြည့်နေတာ အားကြီးစိတ်တိုဖို့ ကောင်းတယ်"

ပွေ့ထားတဲ့ ကောင်းချီ လက်ဖမိုးကို ဖွဖွလေးဆိတ်ဆွဲကာ တွေ့ဆုံတုန်းက အဆင်မပြေခဲ့တာကို ပြန်ပြောမိသည်။ တကယ်ပင် သက်ပုံကို စူးစူးရဲရဲ

ကြည့်နေတာ မဟုတ်ပါဘူး ဆိုတာကို တစ်ခွန်းတောင် ရှင်းမပြခဲ့ပေ။

"သက်ပုံရန်တွေ့ရင် သိပ်ချစ်ဖို့ ကောင်းတာ။ ကျူပ် အဲ ကျွန်တော် အဲ့နေ့စပြီး ခင်များနောက်ကနေ အချိန်တိုင်း လိုက်ကြည့်နေမိ တော့တာပဲ"

"ကောင်းချီက လူဆိုးပဲ"

"ခင်ဗျား ချစ်တယ်မို့လား"

ချက်ချင်းပြောလာတဲ့ ကောင်းချီကြောင့် သဘောတကျ ရယ်မိသည်။

"ချစ်တယ် ... ပြောမပြတက်အောင်ကို ချစ်တာ"

တတိယအကြိမ်မြောက် အနမ်းက ပါးတစ်ဖက်ကိုပင်။

"ကျွန်တော်တို့ နှစ်ယောက်ရဲ့ အိမ်လေးရောက်မှ ခင်ဗျားကို သေချာနမ်းတော့မယ်"

"ငါကောင်းချီကို ကွမ်းမစားနဲ့လို့ပြောရင် လက်ခံမှာလားဟင်"

အမြဲတမ်း မစားဘူးဆိုတာ သိပေမဲ့ တမင်မေးလိုက်ခြင်းသာ။

"တစ်နေ့မှာ နှစ်ယာလောက်ပဲ စားတာပါ ခင်ဗျား မကြိုက်ရင် ကျွန်တော်မစားတော့ဘူး"

ကျေနပ်သွားခြင်းက အတိုင်းထက် အလွန်ပင်။ တရွေ့ရွေ့သွားနေသော ကုန်ကားပေါ်မှာ အချစ်ငှက် နှစ်ကောင်က အနာဂတ် အစီစဉ်တွေကို မနားတမ်း ပြောနေကြသည်။ မျက်နှာခြင်းဆိုင် စကားပြောရခဲတဲ့ သူတို့နှစ်ယောက်အဖို့ ကတော့ ဒီညတော့ မမောနိုင်မပန်းနိုင် ပြောမဲ့ပုံပင်။

မနက်ဝေလီဝေလင်း အချိန်တွင် ကောင်းချီနဲ့ သက်ပုံတို့ နှစ်ယောက်သည် တံငါကုန်းရွာ ၂၈မိုင်ဆိုတဲ့ သစ်သား ဆိုင်းပုဒ်လေးအောက်မှာ မတ်တတ် ရပ်နေကြသည်။ ကုန်စိမ်းကားကတော့ နောက်ထပ် သိပ်မဝေးတော့တဲ့ မြို့ငယ်လေးကို ဆက်သွားသည်မို့ သူတို့ နှစ်ယောက်က ကျန်နေခဲ့

ကြခြင်း ဖြစ်သည်။

"သက်ပုံ ဗိုက်ဆာပီလား"

ညလယ်တုန်းက စားသောက်ဆိုင်မှာ နားစဉ် ထမင်းကြော်တစ်ပွဲ ကုန်အောင်စားခဲ့သည်မို့ ရင်ခံကာ ဗိုက်လုံးဝမဆာပေ။

"ငါ ဗိုက်မဆာဘူး။ ကောင်းချီဆာရင် ဆိုင်ဝင်ထိုင်လိုက်လေ"

ကောင်းချီ ကောင်းညိတ်ပြလိုက်သည်။ ဗိုက်ဆာလို့ မဟုတ်ဘဲ ချစ်တဲ့သက်ပုံတစ်ယောက် ကားရပ်စောင့်နေရတာ ခြေထောက်တွေ နာမည်စိုးလို့သာဖြစ်၏။ အနီးနားက စားသောက်ဆိုင်မှာ ရှမ်းခေါက်ဆွဲစားရင်း တံငါကုန်းရွာကို သွားမဲ့ ကားတစ်စီးကို ကားကြို လိုက်စီးခဲ့သည်။

သက်ပုံ ကိုယ်တွေလက်တွေ နာနေပေမဲ့ ကောင်းချီစိတ်မကောင်း ဖြစ်မည်စိုးလို့ မညည်းရဲ။ တစ်နာရီးနီးပါးလောက် ကြာအောင် ကျောက်ခင်းလမ်းကြမ်းကို ဖြတ်ပြီးနောက်မှာ တံငါကုန်းရွာမှ ကြိုဆိုပါ၏ဆိုတဲ့ ဆိုင်းပုဒ်လေးကို တွေ့ရသည်။

"ရောက်ပြီသက်ပုံ ဆင်းရအောင်"

ဆီတင်ကုန်ကားရဲ့ နောက်နားမှာ ခြေကျင်အောင် ခွေခေါက်ထိုင်နေရတဲ့ အဖြစ်မှ လွတ်မြောက်သွားတဲ့ ခံစားချက်က ဘာနဲ့မှမတူ။ ကားဆရာကို ကားခသွားပေးတော့ မယူလိုက်။ နှုတ်ဆက်ပြီး နှစ်ယောက်သား မြောက်တံငါကုန်းလို့ ရေးထားတဲ့ မုဒ်ဦးဘက်ကို ချိုးဝင်လိုက်သည်။

"မြောက်နဲ့တောင် ဆိုပြီးရွာနှစ်ပိုင်း ခွဲထားတာ။ ကျွန်တော်တို့အိမ်က မြောက်ပိုင်းဘက်မှာ။ ညောင်းနေပြီလား အဝင်စက အိမ်လေးက ကျွန်တော့်အိမ်"

သူခေါင်းညိတ်ပြရုံပဲ တက်နိုင်သည်။ ဒါတောင် အထုတ်အပိုးတွေက

ကောင်းချီဆီမှာသာ။

အနီရောင် အုတ်နဲ့ ဆောက်ထားတဲ့ တစ်ထပ်တိုက်ကြမ်းလေး ရှေ့မှာရပ်ကာ ...

"ဒါ ကျွန်တော်တို့ အိမ်ပဲ"

ခြံရှေ့မှာ ခရေပင်ကြီးက အုပ်ဆိုင်းနေကာ အောက်မှာထိုင်ဖို့ သစ်သား ကွတ်ပျစ်ကလေး ခင်းထားသည်။ ခြံထောင့်မှာ ရေပုံဘိုင် တစ်ခုကို လှမ်းတွေ့ရပြီး တစ်ခြံလုံးကို သစ်သား ခြံစည်းရိုးလေးသာ ကာရံထား၏။

သော့ခတ်မထားတဲ့ အိမ်တံခါးကို တွန်းဖွင့်ဝင်လိုက်တော့ ဖုန်တစ်စက်မရှိ။

"လူလာနေကြလား"

"မဟုတ်ဘူး သန့်ရှင်းရေး ကြိုလုပ်ခိုင်းထားတာ။ ဒီမှာ ကျွန်တော့်အမျိုးတွေ ရှိတယ်လေ။ လာ ... အခန်းကဒီဘက်မှာ "

အနောက်က လိုက်သွားတော့ အခန်းဆိုတာ လုံခြုံမှုတစ်ခု အဖြစ်ပဲရှိသည်။

ဗလာကျင်းကာ အခန်းအတွင်းမှာ နှစ်ယောက်အိပ် ခုတင်တစ်လုံးသာရှိပြီး စောင်ခေါင်းအုံး တစ်လုံးတောင်မရှိဘဲ ပြောင်ရှင်းနေသည်။

"ခဏ နားဦး၊ ရေချိုးဖို့ သွားလုပ်ဦးမယ်"

ထွက်သွားတဲ့ ကျောပြင်ကိုကြည့်ကာ သူလည်း မနားနိုင်ပါ။ အနွေးထည်ချွတ်ပြီး ရေချိုးဖို့ ပြင်ထားလိုက်သည်။ ဆယ်မိနစ်ခန့် အကြာတော့ စကားပြောသံအချို့ကို ကြားလိုက်ရတာမို့ သက်ပုံ အခန်းထဲက ထွက်ကြည့်မိသည်။

အပြင်ရောက်တော့ ၁၃နှစ်သာသာ ကောင်းလေးတစ်ယောက်ရဲ့ ကျော

ပြင်ကိုသာ တွေ့လိုက်ရပြီး အသံမျိုးစုံ မြည်နေတဲ့ ခပ်စုတ်စုတ် ဆိုင်ကယ်ကို စီးပြန်သွားသည်။

"ကောင်းချီ စောစောက ဘယ်သူလဲ"

သမံတလင်းပေါ်မှာ အထုတ်တွေ ပုံနေတဲ့ ကောင်းချီက ခဏမော့ကြည့်ကာ သူ့အလုပ်တွေကို ပြန်ဆက်လုပ်နေသည်။

"အဲဒါ ကျွန်တော့်ညီနှစ်ဝမ်းကွဲ ... ဟိုဘက် တစ်ခြံကျော်မှာ နေတာလေ။ လိုအပ်တာတွေတောင် ရွာဘက်သွားဝယ်ခိုင်းထားတာ လာပို့တာ"

ဆယ်မိနစ်လောက်နဲ့ ဘယ်လိုဝယ်လာသလဲလို့ သက်ပုံမမေးလိုက်တော့။

"ဘာတွေလဲ အထုတ်တွေက များလိုက်တာ"

"ရေအရင် လာချိုးလိုက်။ မဟုတ်ရင် သက်ပုံနေလို့ မကောင်းပဲနေမယ် ... ဒါအိမ်အတွက် လိုအပ်တာတွေ အရင်ကြိုမှာ ခိုင်းထားတာ ဖုန်းဆက်ပြီး တော့"

"ဘယ်သူ့ ဖုန်းနဲ့လည်း ငါလည်းမသိရပ့ါလား"

"သက်ပုံကို လာမခေါ်ခင် ဘုန်းကြီးကျောင်းက ကပ္ပိယကြီးဖုန်းနဲ့ ခေါ် လိုက်တာ။ ဒီမှာ မြို့ကိုသွားတဲ့ ဈေးကားက တစ်ရက်ခြား တစ်ခါပဲထွက်တာ ဆိုတော့ မဟုတ်ရင် အိမ်မှာ ဘာမှရှိမှာ မဟုတ်ဘူး"

သက်ပုံ ခေါင်းညိတ်ပြကာ လှမ်းပေးတဲ့ အစုံထည့်ထားသော အစိမ်းရောင် ပလက်စတစ် ဆပ်ပြာခြင်းကို ယူလိုက်သည်။ သွားတိုက်တံ နှစ်ချောင်းနဲ့ သက်ပုံသုံးနေကျ မျက်နှာသစ်ဆေး ဆပ်ပြာမှုန့်ဘူး ရေချိုးဆပ်ပြာကို တောင် သေချာဝယ်ထည့် ပေးထားသဖြင့် ...

"အစုံဝယ်ထားတာပဲ ... ငါ ပန်းရောင်သွားတိုက်တံလေး ယူလိုက်မယ် နော်"

အဖြေကို မစောင့်တော့ပဲ ခြင်းလေးဆွဲကာ အခန်းအတွင်းက ရေလဲပုဆိုး ပခုံးပေါ်တင်ပြီး ခြံထောင့်က ရေဘုံဘိုင်သို့ ရေချိုးဖို့ သွားလိုက်သည်။

အင်္ဂတေနဲ့ လုပ်ထားတဲ့ ကန်ဝိုင်းကြီးမှာ ရေအပြည့်နီးပါး အဆင်သင့် ဖြည့်ထားပြီးသားမို့ သွက်လက်စွာ ချိုးလိုက်သည်။ တစ်ညလုံး ပင်ပန်းလာ တဲ့ ကိုယ်က ရေအေးအေးနဲ့ ထိတော့ ချက်ချင်းလန်းဆန်းသွား၏။

သက်ပုံရေချိုးပြီး အိမ်ထဲဝင်လာတော့ အိမ်ခန်းထဲက ထွက်လာတဲ့ ကောင်းချီက မျက်မှောင်ကြုတ်ပြီး ထွက်လာ၏။ ဘာလဲဆိုပြီး မေးငေါ့ပြ တော့ ခေါင်းယမ်းကာ ထွက်သွားပြန်သည်။

ဇဝေဇဝါနဲ့ အခန်းထဲ ဝင်လာခဲ့စဉ်မှာ ပြောင်းလဲသွားတဲ့ မြင်ကွင်းကြောင့် သက်ပုံ အံ့သြမင်သက်သွား၏။

ကောင်းချီ အတွေးတွေကို သက်ပုံတကယ်လိုက်လို့ မမီနိုင်ပေ။ ဘယ်တုန်းက စီစဉ်ထားသလဲ မသိရအောင် လုပ်သွားတာက အကွက်ကျ သည်။

စောစော ပြောင်ရှင်းနေတဲ့ အခန်းတွင်းဝယ် ပန်းရောင် ခြင်ထောင်လေး ရယ်၊ ပန်းရောင် ခေါင်းဦးလေး နှစ်လုံးရယ်၊ ပန်းနုရောင် ပန်းပွင့်လေးတွေ ပါတဲ့ စောင်ပါးလေးရယ်က ရေချိုးချိန် ၁၅မိနစ်ကျော်ကျော်မှာ ဟာချ လောင်း လုပ်လိုက်သလိုပဲ ပြောင်းလဲသွားတာ ဖြစ်သည်။

ပူလောင်လာသော မျက်နှာနှင့်အတူ မင်္ဂလာခန်းဝင် သတိုးသမီး တစ် ယောက်လို ခံစားနေရတာ ဘာကြောင့်လဲ။

***

အပိုင်း (၄)

အိမ်နောက်ဖေးမှာ အရင်အိမ်ဟောင်းလေးကို ဖြတ်ပြီး ပုံထားတဲ့ သစ်သားပုံကြီးရှေ့တွင် ကောင်းချီ မတ်တတ်ရပ်နေသည်။

ထို့နောက် မြန်မြန်ဆန်ဆန်ပင် လိုအပ်တဲ့ အသားတချို့ကို ဆွဲထုတ်ကာ ခြံထောင့်က ရေချိုးတဲ့နေရာသို့ သယ်လာ၏။

မကြာခင်က ချစ်တဲ့သက်ပုံလေးရဲ့ ရေစိုနေတဲ့ အတွင်းသား လှလှလေး တွေကို မြင်ပြီးကတည်းက အကာအရံ မရှိတဲ့ ရေဘုံဘိုင်ကို လုံခြုံအောင် လုပ်ပေးဖို့ အားခြင်းစီစဉ် ရသည်သာ။

"ကောင်းချီ ဒါဘာလုပ်ဖို့လဲ"

ရေချိုးပြီးကာစ ရှင်းသန့်နေတဲ့ မျက်နှာလေးက ပင်ပန်းနေတဲ့ ကောင်းချီကို အားဖြည့်ပေးနေသယောင်။

"ခင်ဗျားအတွက် ရေချိုးခန်းလုပ်ပေးတာ"

"နောက်ရက်မှမလုပ်ဘူး ပင်ပန်းအောင်လို့"

"ရတယ် မပင်ပန်းဘူး ခင်ဗျားဗိုက်ဆာပီလား"

"မဆာသေးဘူး။ ဩော် ... မီးဖိုခန်းမှာ ဘာမှမရှိဘူး ငါဘာနဲ့ ထမင်းချက်ရမှာလဲ"

"ဘာမှမချက်နဲ့ ခဏနေ ဖိုးသား ထမင်းချိုင့်လာပို့ လိမ့်မယ်"

လွှကိုင်နေတဲ့ လက်တွေက မြန်မြန်ဆန်ဆန် လှုပ်ရှားနေပေမဲ့ စကားပြော မပျက် ။

ခပ်တိုတို ဝတ်ထားတဲ့ ပုဆိုးရယ် ...

ကွမ်းရွက်ဆိုင် တံဆိပ်ပါတဲ့ စွပ်ကျယ် အဖြူရယ်နဲ့ ကောင်းချိုက ရိုးရိုးရှင်းရှင်းသာ။ ပါးရိုးတစ်လျှောက် ဖြတ်စီးဆင်းနေတဲ့ ချွေးတွေက လည်ပင်းထိပါ စီးကျနေ၏။ သာမန် ဘဝမှာနေတဲ့ သာမန်အမျိုးသားငယ်တစ်ယောက်ကို ချစ်သူတော်ထားပေမဲ့ တစ်ခါလေးတောင် သက်ပုံစိတ်မညစ် ရဖူးပေ။

"ကောင်းချို အိတ်ထဲက ပိုက်ဆံတွေ အဝတ်တွေ ထုတ်ရင်းတွေ့ လို့ ငါ သိမ်းထားလိုက်တယ်"

"အင်း"

အလုပ်လုပ်နေတဲ့ ကောင်းချိုကို ဆက်မနှောင့်ယှက် ချင်တော့တာကြောင့် အိမ်ထဲ ဝင်လာလိုက်သည်။

သိန်း၁၀၀ နီးပါးလောက်ရှိတဲ့ ပိုက်ဆံတွေ ဘယ်ကရသလည်းဆိုတာ သက်ပုံသိသည်။ ချွေးနဲ့ရင်းကာ မစားမသောက်ပဲ သုံးနှစ်နီးပါး ရှာဖွေထားတဲ့ ပိုက်ဆံတွေက သက်ပုံအတွက်ဆိုတာ ထိုအနေအေးတဲ့ ယောကျ်ားမပြောပြတောင် ပတ်ဝန်းကျင်မှာ ပြန်ပြောတဲ့သူတွေ တစ်ပုံကြီး။

အိမ်ထဲဝင်သွားတော့ စုပုံထားတဲ့ အထုတ်တွေကို ခဏရပ်ကြည့်ပြီး သက်ပုံအလုပ်လုပ်ဖို့ ပြင်လိုက်သည်။

ကောင်းချိုနဲ့ သက်ပုံသည် ယောကျ်ားနှစ်ယောက် ဖြစ်သည့်အတွက် အနေအယှတွေ မပြောဖြစ်ပေမဲ့ တစ်ယောက်နဲ့ တစ်ယောက် စကားအများကြီး မပြောဘဲနားလည်သည်။

မနက်၇နာရီလောက်က စရောက်လာတဲ့ ကောင်းချိုတစ်ယောက် ၁၀နာရီထိုးတဲ့အထိ မနားနိုင်ပဲ လိုအပ်တာ ပြေးဝယ်လိုက် ရေချိုးခန်းလုပ်လိုက်နဲ့

အလုပ်များနေသည်။ နာရီဝက်ခန့် ကြာပြီးသည့်နောက်မှာ လူတစ်ရပ်ခန့် မြင့်တဲ့ မိုးကာ ကာသည့်ရေချိုးခန်းလေး ဖြစ်သွားသည်။

"ကိုကောင်း ကိုကောင်း"

တကြော်ကြော်အော်ကာ ဝင်လာသည့် ဖိုးသားက ခြံထောင့်မှာရှိတဲ့ ကောင်းချီကို မြင်ပုံမရ။

"ငါဒီမှာ"

ခပ်ဆိတ်ဆိတ် အသံပြုတော့ လှည့်ကြည့်လာကာ ...

"ထမင်းချိုင့် လာပို့တာ။ ကိုကောင်းက ဒီရောက်နေတာကိုး"

"မင်း ကျောင်းမသွားဘူးလား"

ပါးကွက်ဝိုင်းနဲ့ ၁၃နှစ်သားက ရယ်ရယ်မောမောနဲ့ ...

"မနှစ်ကတည်းက ကျောင်းမနေတော့တာဗျ။ အမေက ထားပါတယ်။ ကျွန်တော်က မတက်ချင်တော့လို့ မတက်တော့တာ"

ကောင်းချီ ပြီးသွားတဲ့ ရေချိုးခန်းဘေးက ဖြတ်ထားတဲ့ အသားတို အသားစတွေကို သယ်လိုက်သည်။ ထို့နောက် တစ်ဆက်ထဲ ချိုင့်လေးကိုင်ကာ စကားပြောနေတဲ့ ဖိုးသားကိုပါ ...

"အဲ့နားက ကျန်တာ သယ်ခဲ့"

ပြောပြီး တလွှားလွှား အိမ်နောက်ဝင်သွားတဲ့ အကိုဖြစ်သူကိုကြည့်ပြီး ဖိုးသားခေါင်းယမ်းမိသည်။ လူဝွစာက အပြုံးအရယ်မရှိ အေးတိအေးစက်။ မိန်းမရဖို့ မလွယ်ဘူး ထင်ထားတာ ယောကျ်ားတစ်ယောက်တော့ ရအောင်ယူခဲ့သည်။ ဖုန်းဆက်ပြီး တောင်ရွာက ဒေါ်လေးကို ပြောသည်တဲ့။ ယောကျ်ားခိုးလာလို့ အိမ်သွားရှင်းခိုင်းဖို့ရယ် ... လိုအပ်တာ ဝယ်ပေးဖို့ရယ်ကို။

ပေးလိုက်တဲ့ အမှာစာရင်းက စာရွက် နှစ်မျက်နှာမဆန့်ချင်။ အိပ်ရာခေါင်းအုံး ပန်းရောင်ကအစ သောက်ရေအိုးနဲ့ ရေတွင်းမှာ ရေမလှူပ်ရအောင် စတိုခန်းက မန္တိုးဘဲ သိမ်းထားတဲ့ ရေတင်တဲ့ မီးစက်ကိုပါ ပြန်ပြင်ဖို့ အဆုံးအကုန် ခိုင်းတာ။

"ဟိုကောင်လေး မလာပဲ ဘာလုပ်နေတာလဲ"

အိမ်ပေါက်ဝကနေ ခါးထောက်အော်နေတဲ့ ကိုကောင်းကြောင့် အတွေးတွေရပ်ကာ အောက်က လွှတွေ ... တူတွေကောက်သိမ်းကာ ပြေးရသည်။

ကောင်းချို ဖိုးသားပြေးလာတာမြင်မှ အိမ်ထဲ ဝင်လိုက်သည်။ အိမ်ထောင့်မှာ ပုံထားတဲ့ ပစ္စည်းတွေ သည်မရှိတော့ပဲ ရှင်းလင်းနေကာ သက်ပုံကိုတော့ မတွေ့။ အလိုမကျကာ မျက်မှောင်ကုတ်လိုက်ပြီး ...

"ပင်ပန်းအောင် အပိုတွေ လုပ်ထားပြန်ပီ"

ဟုရေရွတ်ကာ အခန်းတံခါးကို တွန်းဖွင့်ကြည့်လိုက်၏။

ပင်ပန်းသွားပုံပေါ်တဲ့ ချစ်တဲ့ သက်ပုံတစ်ယောက် ပန်းရောင် ခုတင်ပေါ်မှာ ခြင်ထောင်မချဘဲ ကွေးကွေးလေးအိပ်နေ၏။ ပိတ်ထားတဲ့ ပြတင်းတံခါးကို လေဝင်အောင် ဖွင့်ပေးလိုက်တော့ တောင်လေအေးအေးက ချက်ချင်းဝင်လာ၏။ မြို့မှာ သက်ပုံနေခဲ့ရသလို အဲကွန်းခန်း မလုပ်ပေးနိုင်တာ စိတ်မကောင်း ဖြစ်မိပေမဲ့ တဖြည်းဖြည်း ပြည့်စုံအောင် ထားပေးဖို့တော့ တွေးထားသည်။

"ကိုကောင်းယောက်ျားလား"

စိတ်ဝင်တစား အခန်းဝ ကို ခေါင်းပြူ ကြည့်လာတဲ့ ဖိုးသားတစ်ယောက် အစ်ကိုဖြစ်သူရဲ့ မျက်ထောက်နီကြီးကြောင့် ပါးစပ်ပိတ်ကာ အခန်းအပြင်ပြန်ထွက်သွားရသည်။ မျက်စိထဲ ပါလာတာ အိပ်ရာပေါ်မှာ နှစ်နှစ်ခြိုခြိုက်

အိပ်ပျော်နေတဲ့ ဖြူဖြူ နုနုကို ကောင်းယောက်ျားကိုသာ။

"အိမ်ရှင်းပေးထားတာ မင်းဆို"

နောက်ပါးကနေ ထွက်လာတဲ့ ကိုကောင်းအသံကြောင့် အလျင်အမြန် ခေါင်းညိတ်ပြလိုက်သည်။

"ရော့မုန့်ဖိုး။ ညနေ တောင်ရွာကိုသွားရင် ကြီးကြီးကို စိုက်ဝယ်ပေးထားတာ ဘယ်လောက်လဲဆိုတာ မေးခဲ့ဦး"

လက်ထဲရောက်လာတဲ့ တစ်သောင်းတန် လေးကိုကြည့်ကာ ဖိုးသား ပျော်ပျော်ပါးပါး ခေါင်းညိတ်ပြသည်။ ကိုကောင်းက အေးတိအေးစက် နေပေမဲ့ အပေးအကမ်း ရက်ရောသည်မို့ ကိုကောင်းခိုင်းသမျှ ဖိုးသားတို့က ဖင်ပေါ့ပေါ့ လုပ်ချင်တာဖြစ်သည်။

တောင်ရွာက ကြီးကြီးဆိုရင် လည်ပင်းက ရွှေဆွဲကြိုး တုတ်တုတ်ကြီးသာ ဝတ်ထားတာ ဖိုးသားတို့ကို ခေါ်ခိုင်းရင် မုန့်ဖိုးနှစ်ရာလောက်သာ ပေးတက်သည်။

"ဟုတ်ဟုတ် ညနေ ထမင်းလာပို့ ရဦးမှာလား"

"အေး ညနေစာတော့  လာပို့လိုက်။ မနက်ဖြန်တော့ ကိုယ့်ဘာသာ ချက်စားမယ်"

"အင်း ဒါဆိုကျွန်တော် ပြန်တော့မယ်"

နှုတ်ဆက်ပြန်သွားတဲ့ ဖိုးသားကိုကြည့်ပြီး ကောင်းချီ အလုပ်ဆက်လုပ်ဖို့ အိမ်ထဲပြန်ဝင်ရသည်။ သေချာ ရေလောင်းဆေးပေးထားတဲ့ အိမ်က သန့်ရှင်းနေသည်မို့  ပေးလိုက်ရတဲ့ ပိုက်ဆံကို မနှမြောမိ။ မဟုတ်ရင် သက်ပုံ အိမ်ထဲဝင်လိုက်တာနဲ့ ဖုန်တလုံးလုံးက စီးကြိုလိမ့်မည်။

မေမေဆုံး ပြီးကတည်းက ကောင်းချီရွာက ထွက်သွားခဲ့တာ လေးနှစ်ရှိပြီ။

အမေတစ်ခု သားတစ်ခုမို့ ကောင်းချီအတော်လေး ခံစားခဲ့ရကာ ရွာမှာ မနေနိုင်တော့ပဲ အိမ်တံခါး သော့ပိတ်ကာ မြို့တက်ခဲ့ရာမှ သက်ပုံနဲ့ တွေ့ခဲ့ရခြင်းဖြစ်သည်။ သက်ပုံမနိုးခင် စတိုခန်းဖွင့်ကာ သိမ်းထားတဲ့ ထမင်းဟင်းအိုးတွေ ပန်းကန်ပြားတွေနဲ့ ဖုန်တက်နေတဲ့ ကြောင်အိမ်ကိုပါ ထုတ်ဆေးလိုက်သည်။

တစ်နာရီခန့် ကြာတော့ သန့်ရှင်းနေတဲ့ မီဖိုခန်းလေးကို တွေ့ရပြီး ကောင်းချီကတော့ အတော်ကြီး ပြုံးသွား၏။

"ကောင်းချီ ခုထိ မနားသေးဘူးလား။ တော်တော့ နောက်ရက်မှ ဆက်လုပ်လည်း ရရဲ့နဲ့"

"သက်ပုံအိပ်တာ တစ်နာရီလောက်ပဲ ရှိသေးတယ်"

အခန်းထဲကနေ အိပ်ချင်မူးတူး ရုပ်လေးကြောင့် ကောင်းချီ အလိုမကျစွာ ဆိုလိုက်သည်။

"တော်ပြီပေါ့ အဲ့လောက်အိပ်ရရင်။ ငါဘာကူ လုပ်ရမလဲ"

"တော်ပီ အကုန်ပြီးနေပြီ။ ကျွန်တော် ရေချိုးဦးမယ် သက်ပုံ ဗိုက်ဆာနေပီဆိုရင် ထမင်းခူးထားလိုက်တော့ ဟိုမယ်ချိုင့်လာပို့ ပေးသွားတယ်"

ပြောပြီး အခန်းထဲ ဝင်သွားတဲ့ ကောင်းချီလေးကို ကြည့်ကာ သက်ပုံပြုံးလိုက်မိသည်။

"ရေအရင်သောက်ဦး"

ရေလဲပုဆိုး ပခုံးပေါ်တင်ကာ ပြန်ထွက်လာတဲ့ ကောင်းချီကို လှမ်းသတိပေးလိုက်သည်။

ကောင်းချီက သက်ပုံကို ဘာမှမပြောပဲ ရေအိုးထဲက ရေအပြည့်တစ်ခွက်သောက်ပြီး ထွက်သွား၏။

"ဟက် ... ကောင်းချီလေးက ချစ်ဖို့ ကောင်းလိုက်တာ"

ခပ်တိုးတိုးအသံက သက်ပုံတစ်ယောက် ကြားသာရုံသာ။

မာတိမာထောင် အေးတိအေးစက် ကလေးဖြစ်တဲ့ ကောင်းချီက သက်ပုံကို ခုထိ ပြေပြေပြစ်ပြစ် မပြောဘူးပေ။ မေးရင် ဖြေသည်။ သက်ပုံဘာမှမပြောရင် စူးစူးရဲရဲ ထိုင်ကြည့်သာနေမည် သူ့ဘက်က စပြောမည်မဟုတ်။

ခင်ဗျားကို မြတ်နိုးလို့ ဆိုသည့်စကားကိုသာ ပြောပြီး အဖြေမတောင်းခဲ့တဲ့ ကောင်းချီနဲ့ ဘယ်လို ရည်းစားတွေ ဖြစ်ခဲ့လဲဆိုတာ သက်ပုံမသိ။ သေချာတာတော့ ပြောစရာမလိုပဲ ခပ်တည်တည်လေး ကောင်းချီကို သက်ပုံဘက်က အရင်စချစ်ခဲ့ပုံပင်။

***